ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်

# နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများနှင့်ဆောင်ရွက်ချက်များ

**အကျဉ်းချုပ်**

နိုင်ငံဖြတ်ကျော်မှုပြဿနာများသည် ပြစ်မှုဆိုင်ရာကိစ္စရပ်ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာလုံခြုံရေးကိုခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လူဦးရေများပြားသော တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံကြားတွင်တည်ရှိနေခြင်း၊ လူဦးရေတိုးပွားနှုန်းများသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် လာအို၊ ထိုင်းစသည့်နိုင်ငံများနှင့် နယ်နိမိတ်ထိစပ်လျက်ရှိခြင်းတို့ကြောင့် COVID – 19 ပြဿနာနှင့် နယ်စပ်ဒေသလုံခြုံရေးသည် ပိုမိုအရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံဖြတ်ကျော်ပြဿနာရပ်များ တားဆီးတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံးနှင့်ပူးပေါင်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းရှိအိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်များနှင့်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ကွပ်ကဲမှုအောက်တွင် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကိုဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် တားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ဤစာတမ်းတိုတွင် နိုင်ငံဖြတ်ကျော်မှုခင်းအဓိပ္ပါယ်နှင့် မမျှော်မှန်းနိုင်သောစိန်ခေါ်မှုများ၊ မှုခင်းအမျိုးအစားများ၊ မှုခင်းများ၏သဘောသဘာဝနှင့် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ၊ မူဝါဒနှင့်စီမံကိန်းများ၊ နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်ဥပဒေများကိုလည်း ပြုစုဖော်ပြထားပါသည်။

**သုတေသနစာတမ်းတိုအမှတ်စဉ် (၁၄၆)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁။ နိဒါန်း ........................................ ၃

၂။ ရည်ရွယ်ချက်........................................ ၃

၃။ နည်းနာနိဿယများ........................................ ၃

၄။ နိုင်ငံဖြတ်ကျော်မှုခင်း၏အဓိပ္ပါယ်........................................ ၃

၅။ နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများ........................................ ၄

၆။ နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ........................................ ၅

(က) အကြမ်းဖက်မှု........................................ ၅

(ခ) မူးယစ်ဆေးဝါးမှု ........................................ ၆

(ဂ) ငွေကြေးခဝါချမှု........................................ ၆

(ဃ) လက်နက်မှောင်ခိုမှု ........................................ ၇

(င) လူကုန်ကူးမှု ........................................ ၈

(စ) ပင်လယ်ဓားပြမှု........................................ ၉

(ဆ) စီးပွားရေးဆိုင်ရာမှုခင်း ........................................ ၉

(ဇ) ဆိုက်ဘာမှုခင်း ........................................၁၀

(ဈ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်း........................................၁၁

၇။ မှုခင်းအမျိုးအစားများအလိုက် အစိုးရ၏ဆောင်ရွက်ချက်များ ........................................၁၁

၈။ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်းသည့် ခြိမ်းခြောက်မှုနှင့်စိန်ခေါ်မှုများ ........................................၂၆

၉။ နိဂုံး ........................................၂၇

**နိဒါန်း**

၁။ ကမ္ဘာ့နိုင်ငံအများအပြားသည် နယ်မြေချင်းထိစပ်၍ ချိတ်ဆက်ကူးသန်းသွားလာနေကြရသော နိုင်ငံများဖြစ်ကြပါသည်။ ယခု COVID – 19 ကာလတွင် လေကြောင်း၊ ရေကြောင်းလမ်းများချိတ်ဆက်မှု အားနည်းသွားကြပြီးကုန်းလမ်းမှသာ သွားလာကူးသန်းမှုများရှိနေပါသည်။ နိုင်ငံအချို့တွင် COVID – 19 ကပ်ရောဂါဖြစ်ပွားသေဆုံးမှုပမာဏမြင့်တက်နေသော်လည်း အချို့နိုင်ငံများတွင်ပမာဏလျှော့နည်းကျဆင်း လာမှုများကြောင့် သွားလာမှုများနှင့်ကန့်သတ်ခံရမှုကိုဖြေလျှော့မှုများရှိလာရာယင်းနိုင်ငံများ၏နယ်စပ် များ၊ နယ်စပ်မြို့များမှ ကူးသန်းသွားလာမှုများရှိနိုင်ပါသည်။ COVID – 19 ကပ်ရောဂါဖြစ်စဉ်နှင့်အတူ နိုင်ငံဖြတ်ကျော်သည့်မှုခင်းများအနေဖြင့် အချို့မှာကျဆင်းမှုများရှိသလို အချို့မှုခင်းများမှာများပြား လာနိုင်သည့်အခြေအနေတွင်ရှိပါသည်။ သို့သော်လည်း ယခုစာတမ်းတိုတွင် နိုင်ငံဖြတ်ကျော်မှုခင်း အမျိုးအစားများနှင့် ဆောင်ရွက်မှုအခြေအနေများကိုသာ အဓိကဖော်ပြသွားမည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများနှင့်၎င်းပြဿနာများအပေါ်အစိုးရ၏အရေးယူဆောင်ရွက် ချက်အား သိရှိနိုင်ရန်ရည်ရွယ်ပါသည်။

**နည်းနာနိဿယများ**

၃။ ဤစာတမ်းတိုတွင်ရေးသားထားသောအချက်အလက်များကို အစိုးရ website များ၊ ပြည်တွင်း website များ၊ နိုင်ငံတကာသတင်း website များနှင့် Social Media များမှ ထုတ်နုတ်ရေးသားထား ပါသည်။

**နိုင်ငံဖြတ်ကျော်မှုခင်း၏အဓိပ္ပါယ်**

၄။ နိုင်ငံဖြတ်ကျော်မှုခင်းဆိုသည်မှာ နိုင်ငံနှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသောနယ်နိမိတ်အတွင်းတွင် ဖြစ်ပွားလေ့ရှိသောမှုခင်းဖြစ်ပါသည်။ နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတကာဆက်ဆံရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၏တစ်စိတ်တစ်ပိုင်းအဖြစ် နှစ်ကာလကြာမြင့်စွာယှဉ်တွဲ၍ဖြစ်ပေါ်နေခဲ့ ပါသည်။ လူ့အဖွဲ့အစည်းတစ်စုနှင့်တစ်စုပိုမိုချိတ်ဆက်လာသည်နှင့်အမျှ ဂလိုဘယ်လိုက်ဇေးရှင်းသည် မှုခင်းဆိုင်ရာဆက်သွယ်မှုများကို တရားဝင်ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများဖြင့် အတူတကွလုပ်ဆောင် ရန်၊ မတူညီသောနိုင်ငံများနှင့်ဆက်သွယ်မှုများတည်ဆောက်ရန် ခွင့်ပြုထားပါသည်။ နိုင်ငံဖြတ်ကျော်

မှုခင်းများသည် ငွေကြေးအမြတ်အစွန်းရလိုမှုနှင့်အတူကျူးလွန်လေ့ရှိသော နှစ်ဦးနှစ်ဖက်တရားမဝင် စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်ပွားသော မှုခင်းများဖြစ်ပါသည်။

၅။ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ဘက်ဆိုင်ရာမှုခင်း၊ လူသားမျိုးနွယ် အပေါ်ကျူးလွန်သည့်အမှုစသည့်မှုခင်းများနှင့် နိုင်ငံတကာမှုခင်းနှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော နယ်နိမိတ်အတွင်းကျူးလွန်သောနိုင်ငံဖြတ်ကျော်မှုခင်းများသည် ပြည်နယ်တစ်ခု၏နယ်နိမိတ်အတွင်း သို့မဟုတ် နယ်နိမိတ်ပြင်ပတွင်လည်းဖြစ်ပွားနိုင်ပါသည်။[1]

**နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများ**

၆။ နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အကြမ်းဖက်မှု

(ခ) မူးယစ်ဆေးဝါးမှုခင်း

(ဂ) ငွေကြေးခဝါချမှု

(ဃ) လက်နက်မှောင်ခိုမှု

(င) လူကုန်ကူးမှု

(စ) ပင်လယ်ဓားပြမှု

(ဆ) စီးပွားရေးဆိုင်ရာမှုခင်း

(ဇ) ဆိုက်ဘာမှုခင်း

(ဈ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်း[2]

**နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများနှင့်စပ်လျဉ်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၇။ နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားများနှင့်စပ်လျဉ်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) **အကြမ်းဖက်မှု။** အကြမ်းဖက်မှုဆိုသည်မှာ "ရုပ်ပိုင်းဆိုင်ရာအင်အား သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာကို ရည်ရွယ်ချက်ရှိရှိအသုံးပြု၍ အခြားလူတစ်ဦး၊ အုပ်စုတစ်ခု၊

[1]INTERNATIONAL RELATIONS.ORG, Transnational Crime၊ https://internationalrelations.org/transnational-crime/မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှု့သည့်ရက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၂၂ ရက်

[2]စောမျိုးမင်းသိန်း (ပြန်/ဆက်)၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနည်းပြသင်တန်းဖွင့်လှစ်၊ မြဝတီသတင်းစာ၊ ၂၀၁၈ ခုနှစ်, စက်တင်ဘာလ ၂၅ ရက်၊ https://tinyurl.com/y8fgxo3uမှ ကောက်နုတ်ထားပါသည်။ ကြည့်ရှု့သည့်ရက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၀ ရက်

လူ့အဖွဲ့အစည်းတစ်ခုအပေါ် ခြိမ်းခြောက်ခြင်းသို့မဟုတ် ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်း၊ ထိုသို့ပြုမူခြင်းကြောင့်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်း၊ စိတ်ဒဏ်ရာရရှိခြင်း၊ ဖွံ့ဖြိုးမှုမမှန်ကန်ခြင်းနှင့် အခြေခံလိုအပ်ချက်များမပြည့်စုံခြင်းတို့ အမှန်တကယ်ဖြစ်ပေါ်စေခြင်းသို့မဟုတ် ဖြစ်ပေါ်စေရန်အခွင့်အလမ်းမြင့်မားစွာရှိခြင်း"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[3]အကြမ်းဖက်မှုတစ်ခုခုကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့်ကျူးလွန်သည်သို့မဟုတ် ကျူးလွန်ရန်အားထုတ်သူကို ၎င်းအကြမ်းဖက်မှုတွင်ကြံရာပါဖြင့်ပါဝင်သည်သို့မဟုတ် အကြမ်းဖက်မှုကျူးလွန်ရန် အခြားသူများကညွှန်ကြားသည်သို့မဟုတ် စည်းရုံးသိမ်းသွင်းသူဟုသော်လည်းကောင်း အကြမ်းဖက်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ထောက်ပံ့သူကိုဆိုလိုပါသည်။ အကြမ်းဖက်မှုအုပ်စုဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုကိုကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့်အထက်ပါဝင်သောအသင်းအဖွဲ့ကိုဆိုပါသည်။[4] နိုင်ငံတကာတွင်ဖြစ်ပွားလေ့ရှိသော အကြမ်းဖက်မှုအမျိုးအစားများတွင် အများအားဖြင့် ပြည်တွင်းအကြမ်းဖက်မှု၊ ဇီဝအကြမ်းဖက်မှု၊ ဆိုက်ဘာအကြမ်းဖက်မှု၊ စီးပွားရေးအကြမ်းဖက်မှု၊ နျူးကလီးယားအကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးအကြမ်း ဖက်မှုတို့ပါဝင်ပါသည်။[5]

(ခ) **မူးယစ်ဆေးဝါးမှုခင်း။** မူးယစ်ဆေးဝါးမှုခင်းသည်မူးယစ်ဆေးဝါးတားဆီးခြင်းဥပဒေများနှင့်မသက်ဆိုင်သောအရာဝတ္ထုများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့်အတူ ကမ္ဘာလုံးဆိုင်ရာတရားမဝင်ကုန်သွယ်မှုမှုခင်းဖြစ်ပါသည်။[6] ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာသည် ပြည်သူလူထု၏ကျန်းမာရေးနှင့်လူသားများဘေးကင်းရေး၊ ကလေးငယ်များ၊ လူငယ်များနှင့်၎င်းတို့၏ မိသားစုများအတွက်ကြီးမားသော

[3]အကြမ်းဖက်ဖြစ်ပွားမှုဖြစ်စဉ် စောင့်ကြည့်လေ့လာရေးစနစ်တစ်ခုကိုလက်တွေ့တည်ဆောက်ခြင်းဆိုင်ရာနည်းလမ်းများ၊ အေဒရီယန်မော်ရယ်၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ https://asiafoundation.org/wp-content/uploads/2016/08/Violent-Incidents-Monitoring-System-A-METHOD-TOOLKIT-MM-Version.pdfမှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၅ ရက်

[4]အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ https://pyithuhluttaw.gov.mm/sites/default/files/2018-11/23.2014.pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်

[5]Understanding Different Types of Terrorism, Thought Co.၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ https://www.thoughtco.com/types-of-terrorism-3209376 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်

[6]Drug Trafficking, United Nations Office on Drugs and Crime,https://www.unodc.org/unodc/en/drug-trafficking/index.html မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၇ ရက်

ခြိမ်းခြောက်မှုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။[7] ထို့အပြင် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် အကြမ်းဖက်မှုခင်းများ၏အကျိုးဆက်ရလဒ်အဖြစ် နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ထိခိုက်စေပါသည်။[8]

(ဂ) **ငွေကြေးခဝါချမှု။** ငွေကြေးခဝါချခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့် ပစ္စည်းများ(ငွေမည်း)ကို ဥပဒေနှင့်အညီအရေးယူခြင်းမှရှောင်ရှားနိုင်ရန်နှင့် တရားဝင်(ငွေဖြူ)အဖြစ် ထင်မှတ်နိုင်စေရန်အတွက် တရားမဝင်ရရှိထားသောငွေကြေးနှင့်ပစ္စည်းများ၏ မူလဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ တည်နေရာ၊ ပုံသဏ္ဍာန်တို့ကို အသွင်ပြောင်းလဲရန် (Concealing) သို့မဟုတ် ဖုံးကွယ်ရန် (Disguising) ရည်ရွယ်၍ ပြောင်းလဲခြင်း (Convert) သို့မဟုတ် လွှဲပြောင်းခြင်းများ(Transfer)ကို ခေါ်ဆိုပါသည်။[9] ငွေမည်းအား ငွေဖြူအဖြစ် အသွင်ပြောင်းလိုက်သည့်အခါတွင် နိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအားလုံးတွင် ဂယက်ရိုက်သွားနိုင်ပါသည်။ ထို့ကြောင့်ငွေကြေးခဝါချခြင်းအား နိုင်ငံတကာမှလက်မခံနိုင်ပဲ တိုက်ဖျက်သင့်သည့်အရာဟု ရှုမြင်ကြပါသည်။[10] ၁၉၃၁ ခုနှစ်တွင် အခွန်တိမ်းရှောင်မှုဖြင့်အရေးယူခံရသော အီတလီနွယ်ဖွား အမေရိကန်နိုင်ငံသား Al Caponeသည် ဒုစရိုက်မှုကျူးလွန်ရာမှရရှိသောငွေမည်းများကို ငွေဖြူဖြစ်စေရန် အဝတ်လျှော်ဖွတ်သည့်လုပ်ငန်း (ပင်မင်းဆိုင်) အား ဟန်ပြဆောင်ရွက်၍ ၎င်း၏ပိုင်ဆိုင်မှုများသည် အဝတ်လျှော်ဖွတ်သည့်လုပ်ငန်းမှရရှိသော ငွေဖြူများဖြစ်သည်ဟု ဖော်ပြခဲ့ခြင်းမှအစပြု၍ ငွေကြေးခဝါချခြင်း (Money Laundering) ဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ ငွေကြေးခဝါချခြင်းကြောင့် စီးပွားရေးမတည်မငြိမ်ဖြစ်ခြင်း၊ တရားစီရင်ရေးမဏ္ဍိုင်ယိမ်းယိုင်လာခြင်း၊ ဘဏ်လုပ်ငန်းစနစ်မတည်မငြိမ်

---

[7] WHO's role, mandate and activities to counter the world drug problem: A public health perspective၊ World Health Organization၊ https://www.who.int/substance_abuse/publications/drug_role_mandate.pdfမှ ကောက်နုတ်ထားပါသည်။ကြည့်ရှု့သည့်ရက်၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

[8] အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ပြောကြားသည့် မိန့်ခွန်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ မှ ကောက်နုတ်ထားပါသည်။ကြည့်ရှု့သည့်ရက်၊ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

[9] https://mfiu.gov.mm/storage/app/media/documents/AFCD_PF.pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှု့သည့်ရက်၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

[10] ငွေကြေးခဝါချခြင်း၊ (MONEY LAUNDERING) ၊ Z T K, YOU CAN TRUST၊https://tinyurl.com/y8qb6heeမှ ကောက်နုတ်ထားပါသည်။ကြည့်ရှု့သည့်ရက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်

ဖြစ်ခြင်း၊ ရာဇဝတ်မှုခင်းများပြားခြင်း၊ အမျိုးသားလုံခြုံမှုကိုထိခိုက်စေခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။[11]

(ဃ) **လက်နက်မှောင်ခိုမှု။** လက်နက်မှောင်ခိုမှုဆိုသည်မှာလက်နက်များ၊ ခဲယမ်းမီးကျောက်များသို့မဟုတ် စစ်သုံးသိုလှောင်ပစ္စည်းများအား တရားမဝင်ထုတ်လုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ လက်ခံထားရှိခြင်းတို့ဖြစ်ပါသည်။[12] တရားမဝင်လက်နက်မှောင်ခိုမှုသည် ကမ္ဘာ့နေရာအနှံ့အပြားတွင်ဖြစ်ပွားလျက်ရှိပြီး လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ အုပ်စုဖွဲ့ကျူးလွန်သောပြစ်မှုများဖြစ်ပွားမှုများသည့်ဒေသများတွင် တရားမဝင်လက်နက်မှောင်ခိုမှုများ ပိုမိုမြင့်တက်စေပါသည်။ ထို့အပြင် ပြည်တွင်းစစ်များနှင့် ဒေသတွင်းပဋိပက္ခများကိုလည်းဖြစ်ပေါ်စေပါသည်။[13]

(င) **လူကုန်ကူးမှု။** လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်းသို့မဟုတ် လက်ခံခြင်းကိုဆိုပါသည်။ ထို့အပြင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်းသို့မဟုတ် အခြားနည်းဖြင့် အနိုင်ထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်းသို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ်ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန်ငွေကြေးသို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်းသို့မဟုတ် လက်ခံရယူခြင်းတို့

---

[11] https://mfiu.gov.mm/storage/app/media/documents/AFCD_PF.pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

[12] ၁၈၇၈ ခုနှစ်၊ လက်နက်များအက်ဥပဒေ ၊ http://myanmar-law-library.org/IMG/pdf/-4.pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက်

[13] Illic Trafficking၊ small arms survey ၊ http://www.smallarmssurvey.org/weapons-and-markets/transfers/illicit-trafficking.htmlမှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

လည်းပါဝင်ပါသည်။[14] လူကုန်ကူးမှုပြဿနာသည်၂၀ ရာစုအနှောင်းပိုင်းတွင် ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာသည့် ပြဿနာတစ်ခုဖြစ်ပါသည်။ သုတေသီများ၏တွေ့ရှိချက်အရ ယနေ့ ၂၁ ရာစုတွင် အမြတ်အစွန်းကြီးမားသော လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအများစုကိုစိန်ခေါ်သည့် ပြဿနာတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်းနှင့် လူသားများ၏အခြေခံလူ့အခွင့်အရေးကို အကြီးမားဆုံးချိုးဖောက်လျက်ရှိနေခြင်းဖြစ်ပါသည်။[15]မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုအမျိုးအစားများမှာ အဓမ္မနည်းအားဖြင့်ထိမ်းမြားလက်ထပ်ခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ ခိုင်းစေခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းဟူ၍ ပုံစံ(၅) မျိုးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။[16]

(စ) **ပင်လယ်ဓားပြမှု။** ပင်လယ်ဓားပြမှုဆိုသည်မှာ ပင်လယ်ပြင်၌ သင်္ဘောသို့မဟုတ် သင်္ဘောမှဝန်ထမ်းများသို့မဟုတ် ခရီးသည်များသို့မဟုတ် ၎င်းသင်္ဘောပေါ်ရှိလူသို့မဟုတ် ပစ္စည်းများအားဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်ရယူခြင်း သို့မဟုတ် ဖမ်းဆီးခြင်းသို့မဟုတ် ထိခိုက်ပျက်စီးစေခြင်းစသောလုပ်ရပ်များကို နိုင်ငံတစ်နိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်ပတွင် ကျူးလွန်ခြင်းကိုဆိုလိုပါသည်။ ပင်လယ်ဓားပြတိုက်ခြင်းအများစုသည် ပင်လယ်ဆိပ်ကမ်းအတွင်းသို့မဟုတ် ပင်လယ်ဆိပ်ကမ်းများနှင့်နီးသောနေရာဒေသများတွင် အဓိကဖြစ်ပွားလေ့ရှိပါသည်။[17] ပင်လယ်ရေကြောင်းများတွင် ဖြစ်ပွားသော ပင်လယ်ဓားပြမှုများသည် နိုင်ငံတကာပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး

---

[14]လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်https://www.constitutionaltribunal.gov.mm/lawdatabase/my/law/419 မှ ကောက်နုတ်ထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

[15] လူကုန်ကူးမှုနှင့်အန္တရာယ်ရှိသောရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအသိပညာပေးလက်စွဲစာအုပ်၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၊ https://Asiafoundation.Org/Wp-Content/Uploads/2018/07/Myanmar_Human-Trafficking_Handbook.Pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်

[16] သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ၊ နိုင်ငံတော်သမ္မတရုံး Website ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်၊ https://Www.President-Office.Gov.Mm/?Q=Briefing-Room/News/2019/09/14/Id-15680 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်

[17]ယနေ့ဖြစ်ပေါ်နေသောသင်္ဘောလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုအသွင်သဏ္ဌာန်များ၊ MYANMAR LOGISTICS GUIDE၊ https://www.logisticsguide.com.mm/en/industry-news/local-industry/224676-shapes-of-security-threats-that-exist-today.htmlမှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်

အတွက် ကြီးမားသောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလေ့ရှိသော ပြစ်မှုတစ်ခုလည်းဖြစ်ပါသည်။[18]

(ဆ) **စီးပွားရေးဆိုင်ရာမှုခင်း။** စီးပွားရေးဆိုင်ရာမှုခင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ဘဏ္ဍာရေးသို့မဟုတ် ကျွမ်းကျင်မှုအားသာချက်ကိုရယူရန် ကျူးလွန်သောတရားမဝင်လုပ်ရပ်များကိုဆိုလိုပါသည်။ ပြစ်မှုကျူးလွန်သူ၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးအမြတ်ထုတ်လိုခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့်– စီးပွားရေးအကူအညီများကို အလွဲသုံးစားပြုလုပ်ခြင်း၊ ထိန်းချုပ်ထားသောပစ္စည်းများကို ရောင်းချခြင်း၊ လုယက်ခြင်း၊ အခွန်ရှောင်ခြင်း၊ ဆိုက်ဘာပြစ်မှုများကျူးလွန်ခြင်း စသည်တို့ပါဝင်ပါသည်။[19] နိုင်ငံတကာစီးပွားရေးခြိမ်းခြောက်မှုသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးလုပ်ငန်းများတွင် ပိုမိုများပြားလာသောကြောင့် အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုအသစ်တစ်ခုဖြစ်လာပါသည်။ နိုင်ငံအများစုတွင် စီးပွားရေးဆိုင်ရာမှုခင်းများသည် နိုင်ငံအများစု၏ နိုင်ငံရေး၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များအား ခြိမ်းခြောက်လျက်ရှိပါသည်။[20]

(ဇ) **ဆိုက်ဘာမှုခင်း။** ဆိုက်ဘာမှုခင်းသည် သတင်းအချက်အလက်စနစ်များကို တိုက်ခိုက်ခြင်း၊ ဘဏ်အကောင့်တုပြုလုပ်၍ ဘဏ်စာရင်းများသို့ဝင်ရောက်ခြင်း၊ သက်သေခံအချက်အလက်များအားခိုးယူခြင်း၊ အွန်လိုင်းလိမ်လည်ခြင်း၊ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုပြုခြင်း၊ လူမျိုးရေးမုန်းတီးမှုအားလှုံ့ဆော်ခြင်း၊ အကြမ်းဖက်မှုလုပ်ရပ်များအား လှုံ့ဆော်ခြင်းစသည်တို့အား အီလက်ထရွန်းနစ်ဆက်သွယ်ရေးကွန်ယက်များနှင့် သတင်းအချက်အလက်စနစ်များကို အသုံးပြု၍

[18] Enforcing the Law: An Economic Approach to Maritime Piracy and its Control ၊ marine insight ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက်၊ https://www.marineinsight.com/marine-piracy-marine/enforcing-law-economic-approach-maritime-piracy-control/ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်

[19] Economic Crime Law and Legal Definition၊ USLEGAL.COM၊ https://definitions.uslegal.com/e/economic-crime/မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

[20] ECONOMIC CRIME IN A GLOBALIZING SOCIETY: ITS IMPACT ON THE SOUND DEVELOPMENT OF THE STATE – AN INDIAN PERSPECTIVE https://www.unafei.or.jp/publications/pdf/RS_No66/No66_10VE_Mehta1.pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်

အွန်လိုင်းတွင်ကျူးလွန်ခြင်းဖြစ်ပါသည်။[21] နည်းပညာကျယ်ပြန့်ခြင်း၊ အင်တာနက်သုံးစွဲမှုများလာသည်နှင့်အတူ ဆိုက်ဘာမှုခင်းသည် နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးစားများထဲတွင် တတိယနေရာသို့ရောက်ရှိလာပါသည်။ အင်တာနက်လွယ်ကူစွာအသုံးပြုနိုင်သည်နှင့်အမျှ ကျူးလွန်သည့်မှုခင်းများ တဖြည်းဖြည်းများလာပါသည်။ ထို့အပြင် ငွေကြေးလိမ်လည်ထုတ်ယူသည့်ပြဿနာများလည်း ရှိလာပါသည်။[22]

(ဈ) **သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်း။** သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းသည် တောရိုင်းတိရိစ္ဆာန်များကို တရားမဝင်ရောင်းဝယ်မှုအပါအဝင် အိုဇုန်းလွှာပျက်စီးစေသောပစ္စည်းများ (Ozone Depleting Substances– ODS) မှောင်ခိုခြင်း၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို တရားမဝင်ကုန်သွယ်ခြင်း၊ တရားမဝင်ငါးဖမ်းခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းတို့ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများသည် လေ၊ ရေနှင့် မြေဆီလွှာအရည်အသွေးကိုပိုမို၍သက်ရောက်စေပြီး၊ အခြားတစ်ဖက်တွင် လူအများအား ဘေးကင်းလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးရေးနှင့်တရားဥပဒေစိုးမိုးရေးအပေါ် သိသာသောဆိုးကျိုးများကို သက်ရောက်စေပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် ယခုကဲ့သို့ COVID –19 နှင့် ရင်ဆိုင်နေရသည့်အခြေအနေတွင် အားလုံးအတွက် အလေးထားရမည့် အာရုံစိုက်စရာ Issue တစ်ခုဖြစ်လာပါသည်။[23]

**မှုခင်းအမျိုးအစားများအလိုက် အစိုးရ၏အရေးယူဆောင်ရွက်ချက်များ**

၈။ ၂၀၀၅ ခုနှစ်၌ မြန်မာနိုင်ငံသည်နိုင်ငံဖြတ်ကျော်မှုခင်းဌာနကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ကွပ်ကဲမှုအောက်တွင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်ဌာနကြီးအဖြစ်တိုးချဲ့ဖွဲ့စည်း၍ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် တားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့များဖွဲ့စည်းထားပြီး(၅)နှစ်စီမံကိန်းများနှင့် နှစ်အလိုက်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်

---

[21] Cyber Crime၊ Migration and Home Affairs၊ European Commission, https://ec.europa.eu/home-affairs/what-we-do/policies/cybercrime_en မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ရက်

[22] မာရီခိုင်၊ နိုင်ငံဖြတ်ကျော်မှုခင်းတွေမှာဆိုက်ဘာမှုခင်းကတတိယအများဆုံးဖြစ်လာ၊ KUMUDRA၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ https://www.kumudranews.com/news-30889မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

[23] Environmental crimes၊ United Nations Interregional Crime and Justice Research Institute(UNICRI)၊ http://www.unicri.it/ topics/ environmental/မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

ရွက်လျက်ရှိပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ဗဟိုကော်မတီ (၄)ခုကို ဖွဲ့စည်း၍ မှုခင်းများအလိုက် သီးခြားဥပဒေ၊ နည်းဥပဒေများထုတ်ပြန်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။[24]

၉။ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် စပ်လျဉ်း၍ ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း United Nations Convention against Transnational Organized Crime (UNCTOC) နှင့် နောက်ဆက်တွဲစာချုပ် (Protocol) များတွင်လည်းလက်မှတ်ရေးထိုး၍ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေး ခဝါချမှုစသည့်နယ်ပယ်များတွင် MoU များ လက်မှတ်ရေးထိုး၍ ဝန်ကြီးအဆင့်၊ အဆင့်မြင့်အရာရှိကြီး အဆင့်နှင့်လုပ်ငန်းအဖွဲ့အဆင့်များတွင် ပုံမှန်အစည်းအဝေးများကျင်းပ၍ ညှိနှိုင်းဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။[25]

၁၀။ ၂၀၁၈ ခုနှစ်တွင် (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့်နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး ဆိုင်ရာအစည်းအဝေး (12$^{th}$Asean Ministerial Meeting on Transnational Crime and Its Related Meetings – 12$^{th}$ AMMTC) ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ ငွေကြေးခဝါချမှု၊ တောရိုင်း တိရစ္ဆာန်ပစ္စည်းများကုန်ကူးမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။[26]

၁၁။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်မှ ၂၆ ရက်အထိ (၁၉)ကြိမ်မြောက်၊ အာဆီယံအဆင့်မြင့် အရာရှိကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများကို မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန် ကူးမှုတိုက်ဖျက်ရေး၊ လက်နက်မှောင်ခိုမှုခင်းများတိုက်ဖျက်ရေး၊ ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေးတို့နှင့်

[24] ဒုတိယသမ္မတဦးမြင့်ဆွေ(၁၂)ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား၊ပြန်ကြားရေးဝန်ကြီးဌာနWebsite၊၂၀၁၈ခုနှစ်၊အောက်တိုဘာလ၃၁ရက်၊https://www.moi.gov.mm/?q=news/31/10/2018/id–21450 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်

[25] ဒုတိယသမ္မတဦးမြင့်ဆွေ(၁၂)ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား၊ပြန်ကြားရေးဝန်ကြီးဌာနWebsite၊၂၀၁၈ခုနှစ်၊အောက်တိုဘာလ၃၁ရက်၊https://www.moi.gov.mm/?q=news/31/10/2018/id–21450 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်

[26]ဒုတိယသမ္မတဦးမြင့်ဆွေ(၁၂)ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား၊ပြန်ကြားရေးဝန်ကြီးဌာန Website၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ၃၁ရက်၊ https://www.moi.gov.mm/?q=news/31/10/2018/id–21450 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်

စပ်လျဉ်း၍ ဆက်စပ်အစည်းအဝေးများအပါအဝင် လုပ်ငန်းအဖွဲ့အစည်းအဝေး ၆ ခု ကျင်းပပြုလုပ်ခဲ့ပါသည်။[27]

(က) **အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်ချက်များ။** မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်တွင် အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် ဆေးဝါးများတရားမဝင်ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းနှင့် အကြမ်းဖက်မှုနှင့်သက်ဆိုင်သော ကုလသမဂ္ဂကွန်ဗင်းရှင်း ၁၉ ခုအနက် ၁၃ ခုတို့တွင် အတည်ပြုဝင်ရောက်ခဲ့ပါသည်။ ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ (Counter Terrorism Committee) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နိုင်ငံတကာ၌ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်ဖြစ်စဉ်များပေါ်တွင်လည်း မျက်ခြေမပြတ်စောင့်ကြည့်လေ့လာသုံးသပ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းကြိုတင်လက်ဦးမှုရရှိရေး၊ လုံခြုံရေးဆိုင်ရာကြိုတင်ဟန့်တားမှုတန်ဖိုး (Deterrent Value) ရရှိစေရေးနှင့် အချိန်တိုအတွင်းလျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် အစီအမံများရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။[28] ၂၀၁၄ ခုနှစ်၊ ဇွန် ၄ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်တွင် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။[29] အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅ အရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ အဖွဲ့ဝင် ၃၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အကြမ်းဖက်မှုတိုက်ခိုက်ရေးအန္တရာယ်ကို ထိရောက်စွာကြိုတင်ကာကွယ်နိုင်ရေးအတွက်

---

[27]၊ (၁၉) ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ MYANMAR Digital News၊ http://www.myanmardigitalnewspaper.com/my/19kimmeaak-aaachiiynachngmngaraarikiiachng-niungngnphttkeaa-mukhng-ttiukphkrechiungraa-acnnyawenngမှ ကောက်နုတ်ထားပါသည်။
ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်

[28]ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး(၄၆) ရက်မြောက်နေ့အစည်းအဝေး၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ https://www.pyithuhluttaw.gov.mm/question-747မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်

[29]ELEVEN MEDIA GROUP Co., Ltd၊ https://elevenmyanmar.com/politics/40844 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ရက်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့်အောက်ပါလုပ်ငန်းစဉ်များကို ပြင်ဆင်ဆောင်ရွက်ထားပါသည်–

(၁) အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားလာပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် သတင်းရဲတပ်ဖွဲ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန (Counter Terrorism Department) အဖြစ်ဖွဲ့စည်းပြီး ကယ်ဆယ်ရေး၊ ချေမှုန်းရေးဆောင်ရွက်နိုင်ရန်အတွက် စုဖွဲ့ပြင်ဆင်လေ့ကျင့်၍ တာဝန်များထမ်းဆောင်လျက်ရှိခြင်း၊

(၂) အကြမ်းဖက်မှုများကို အချိန်နှင့်တစ်ပြေးညီတုံ့ပြန်နိုင်ရေး ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များတွင် Online စနစ်ဖြင့်ချိတ်ဆက်ထားသည့် အမျိုးသားအဆင့်အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာနကို ၂၀၁၄ ခုနှစ်၌ နေပြည်တော်တွင်ထူထောင်ထားရှိပြီး သတင်းနည်းပညာသုံးအဆင့်မြင့်စက်ကိရိယာ အထောက်အကူပစ္စည်းများ တပ်ဆင်အသုံးပြုဆောင်ရွက်လျက်ရှိခြင်း၊

(၃) အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက စီမံခန့်ခွဲနိုင်ရန်အမျိုးသားအဆင့်အရေးပေါ်စီမံခန့်ခွဲမှုဗဟိုကော်မတီကို ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ဖွဲ့စည်းပြီးလုပ်ငန်းကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်၁၂ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိခြင်းနှင့် ဗုံးပေါက်ကွဲမှုဖြစ်ပွားလာပါကဆောင်ရွက်မည့်စီမံချက်၊ ဓာတုဗေဒလက်နက်ဖြင့်တိုက်ခိုက်မှုဖြစ်ပွားပါကဆောင်ရွက်မည့်စီမံချက်၊ လက်နက်ကိုင်ပစ်ခတ်မှုဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်၊ ဓားစာခံဖမ်းဆီးရမှုဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်နှင့် လူထုအမြောက်အမြား ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားပါကဆောင်ရွက်မည့်စီမံချက်များကို ရေးဆွဲလေ့ကျင့်ဆောင်ရွက်လျက်ရှိခြင်း၊

(၄) အကြမ်းဖက်သမားများကိုစောင့်ကြည့်နိုင်ရန် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် CCTV ကင်မရာများတပ်ဆင်၍ Police Command Centre များမှ စောင့်ကြည့်ကြပ်မတ်စစ်ဆေးလျက်ရှိခြင်း၊ ထို့အပြင်ရန်ကုန်မြို့တွင်လည်းCCTV ကင်မရာများတပ်ဆင်ပြီး Command Centre များဖွင့်လှစ်၍ လုံခြုံရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်းတို့ဖြစ်ပါသည်။[30]

(ခ) **မူးယစ်ဆေးဝါးမှုခင်းနှင့်စပ်လျဉ်း၍အစိုးရ၏ဆောင်ရွက်ချက်များ။** မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကိုကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်းသုံးခုကို အဖွဲ့ဝင်အဖြစ်လက်မှတ်ရေးထိုးထားပါသည်။ ထိုကွန်ဗင်းရှင်းနှင့်အညီ ဥပဒေများပြဋ္ဌာန်းပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများဖွဲ့စည်း၍ စီမံကိန်းများရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးဆိုင်ရာလုပ်ငန်း အဖွဲ့ ၁၀ ဖွဲ့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင်လည်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။[31]မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကို ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ မူဝါဒကိုအထောက်အကူဖြစ်စေမည့် ၁၉၉၃ခုနှစ်၊ မူးယစ်ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ၎င်းအားပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ မူဝါဒသစ်ကိုအကောင်အထည်ဖော်မည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်တစ်ခုကိုလည်း

[30] ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၆) ရက်မြောက်နေ့အစည်းအဝေး၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ https://www.pyithuhluttaw.gov.mm/question-747မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်

[31]မူးယစ်ဆေးဝါးစုပေါင်းတိုက်ဖျက်၊ အယ်ဒီတာ့အာဘော်၊ MYANMAR Digital News၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ https://www.mdn.gov.mm/my/muuycchew-cupengttiukphkမှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

ရေးဆွဲခဲ့ပါသည်။[32]ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးအထူးတိုင်ကြားရေးဌာနဖွင့်လှစ်ခြင်းနှင့်[33]အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။[34] မူးယစ်ဆေးဝါးမှုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် စတုတ္ထ(၁)နှစ်တာအတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ အမှုပေါင်း ၁၀၈၈၂ မှုနှင့် တရားခံ ၁၅၃၉၄ ဦးတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး လေးနှစ်တာသက်တမ်းကာလအတွင်း အမှုပေါင်း ၂၇၀၁၅ မှုနှင့် တရားခံ ၆၄၀၇၁ ဦးတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။[35]

(ဂ) **ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍အစိုးရ၏ဆောင်ရွက်ချက်များ။** မြန်မာနိုင်ငံသည် ၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် တရားမဝင်နည်းလမ်းဖြင့်ရရှိသောငွေကြေးဖြင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။[36] ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တရားမဝင်နည်းလမ်းဖြင့်ရရှိသောငွေကြေးဖြင့် ပစ္စည်းများထိန်းချုပ်ရေးနည်းဥပဒေကိုပြဋ္ဌာန်းခဲ့ပါသည်။[37] ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအသစ်ကိုလည်း ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။[38] ထို့အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။[39] ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ၂၀၁၉

[32]မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းစေရန်ကြိုတင်အသိပညာပေးခြင်းသည်ထိရောက်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြည်သူလူထုနှင့်ကျောင်းသားလူငယ်ထုအတွင်း မူးယစ်အန္တရာယ်အသိပညာများရောက်ရှိစေရန်နည်းလမ်းအမျိုးမျိုးဆောင်ရွက်လျက်ရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန website၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက် https://www.moi.gov.mm/?q=announcement/26/06/2019/id-27307မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

[33]မူးယစ်ဆေးဝါးစုပေါင်းတိုက်ဖျက်၊ အယ်ဒီတာ့အာဘော်၊ MYANMAR Digital News၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ https://www.mdn.gov.mm/my/muuycchew-cupengttiukphkမှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

[34]မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းစေရန်ကြိုတင်အသိပညာပေးခြင်းသည်ထိရောက်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြည်သူလူထုနှင့်ကျောင်းသားလူငယ်ထုအတွင်း မူးယစ်အန္တရာယ်အသိပညာများရောက်ရှိစေရန်နည်းလမ်းအမျိုးမျိုးဆောင်ရွက်လျက်ရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန website၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်https://www.moi.gov.mm/?q=announcement/26/06/2019/id-27307မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

[35]ရှင်မင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ(၁) နှစ်တာ ဆောင်ရွက်ချက်များ၊ MYANMAR Digital News၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်၊ http://www.mdn.gov.mm/my/pnnythairewnkiitthaane-cttuttth-1ncttaa-cheaangrkkhkmaa မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်

[36] တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ၊ file:///C:/Users/Res-Congress/Favorites/Downloads/6(2002)%20(1).Pdf မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်

[37]မြန်မာဥပဒေသတင်းအချက်အလက်စနစ်၊ပြည်ထဲရေးဝန်ကြီးဌာန၊https://www.mlis.gov.mm/mLsView.do;jsessionid=FF5319C35D9D5731242C8153029416D6?lawordSn=706 မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

[38] ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ file:///C:/Users/res-congress/Favorites/Downloads/11.2014.pdf မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

[39] https://myanmareiti.org/sites/myanmareiti.org/files/anti-money_laundring_law_myan_mar2014.pdf မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်

ခုနှစ်၊ အောက်တိုဘာလတွင် ဒုတိယသမ္မတဦးမြင့်ဆွေမှဦးဆောင်ဖွဲ့စည်းခဲ့ပြီး အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့ငါးခုဖြစ်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့အား အစိုးရကတွန်းအားပေးလုပ်ဆောင်စေခဲ့ပါသည်။ ၎င်းအသင်းအဖွဲ့ငါးခု၏တာဝန်မှာ သံသယဖြစ်ဖွယ်ရောင်းဝယ်မှုများကို မြန်မာနိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရခြင်းဖြစ်ပါသည်။[40] လေးနှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းခြင်း၊ ငွေကြေးခဝါချခြင်းတို့အပါအဝင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အကျုံးဝင်သောအမှုပေါင်း ၂၆၈ မှုကို အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။[41]

(ဃ) **လက်နက်မှောင်ခိုမှုနှင့်စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်ချက်များ။** ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်မှ (၂၇) ရက်နေ့အထိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေကျင်းမြို့တွင် ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.XuGanLu ဝန်ကြီး Mr.Zhao Kezhi နှင့်တွေ့ဆုံ၍ တရားမဝင်လက်နက်မှောင်ခိုရောင်းဝယ်မှုများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများရှိခဲ့ပါသည်။[42]မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်

[40]ပြည်သိမ်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးခြေလှမ်းသစ်၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ https://tinyurl.com/y4b7ejg9မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်

[41]ရှင်မင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ(၁) နှစ်တာ ဆောင်ရွက်ချက်များ၊ MYANMAR Digital News၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်၊ http://www.mdn.gov.mm/my/pnnythairewnkiitthaane-cttutth-1ncttaa-cheaangrkkhkmaa မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်

[42]ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေကျင်းမြို့၌ကျင်းပသည့် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားလူဝင်မှုကြီးကြပ်ရေးစီမံခန့်ခွဲမှု အစည်းအဝေးသို့ တက်ရောက်၊ နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဇူလိုင်လ ၂၈ ရက်၊ https://www.mol.gov.mm/mm/news_29-19မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ရက်

ရှိသည့် လက်နက်နှင့်သက်ဆိုင်သောဥပဒေများမှာ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေ၊ ၁၈၉၅ ခုနှစ် ကချင်တောင်တန်းဒေသမျိုးရိုးတူစုများဆိုင်ရာစည်းမျဉ်း ဥပဒေ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်၊ ၁၉၄၈ ခုနှစ် ချင်းပြည်နယ် လက်နက်ဆိုင်ရာပြဋ္ဌာန်းချက်များ၊ ၁၉၄၉ ခုနှစ် လက်နက်အရေးပေါ်ပြစ်ဒဏ်စီရင်မှု ယာယီအက်ဥပဒေနှင့် ၁၉၅၁ခုနှစ် လက်နက်ယာယီပြင်ဆင်ချက်အက်ဥပဒေတို့ ဖြစ်ပါသည်။[43]တရားမဝင်လက်နက်ခဲယမ်းများခိုးယူခြင်းသို့မဟုတ် ခိုးယူရန်ကြံစည် ခြင်း၊ ရောင်းချလျှင် ၁၉၄၉ ခုနှစ်၊ လက်နက်အရေးပေါ်ပြစ်ဒဏ်စီရင်မှုယာယီအက် ဥပဒေအရလည်းကောင်း၊ သေနတ်ကျည်များ၊ ပေါက်ကွဲပစ္စည်းများလက်ဝယ်ထားရှိ လျှင် ၁၉၅၁ခုနှစ်လက်နက်ယာယီပြင်ဆင်ချက်အက်ဥပဒေအရလည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။[44] လက်ရှိကျင့်သုံးလျက်ရှိသော လက်နက်နှင့်သက်ဆိုင် သည့်ဥပဒေများအား နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီအာဏာသက်ရောက်မှုရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလက်နက်ဥပဒေအသစ်ကိုလည်း ရေးဆွဲလျက်ရှိကြောင်း သိရှိရ ပါသည်။[45]

(င) **လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်ချက်များ။** ၁၉၉၇ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ တိုက်ဖျက်လာခဲ့ပါသည်။[46]ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုဖွဲ့စည်းထား ရှိပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်အထိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ

---

[43]စည်သူ၊ လက်ရှိကျင့်သုံးလျက်ရှိသော လက်နက်နှင့်သက်ဆိုင်သည့် ဥပဒေများအားနိုင်ငံတစ်ဝှမ်းလုံးတွင်တစ်ပြေးညီအာဏာသက်ရောက်မှုရှိစေရန် လက်နက်ဥပဒေသစ်ကို ရေးဆွဲလျက်ရှိဟု ပြည်ထဲရေး ဒုတိယဝန်ကြီး ပြောကြား၊ ELEVEN MEDIA GROUP Co., Ltd၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊https://news-eleven.com/article/158074မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်

[44] ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတုတ္ထနေ့၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ https://www.pyithuhluttaw.gov.mm/question-4203မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်

[45]ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ https://www.pyithuhluttaw.gov.mm/question-4203 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်

[46]ဒုတိယသမ္မတ ဦးမြင့်ဆွေ (၅၅) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား ၊ နိုင်ငံတော်သမ္မတရုံး website ၊ အောက်တိုဘာလ ၁ ရက်၊ https://www.president-office.gov.mm/?q=briefing-room/news/2019/10/02/id-15741မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မေလ ၁၅ ရက်

ဖွဲ့စည်းကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များကိုဖွဲ့စည်းထားရှိ၍ လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။မြန်မာနိုင်ငံတွင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ်စက်တင်ဘာလ ၁၃ ရက်နေ့ကို လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အဖြစ်သတ်မှတ်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့အနေဖြင့်လည်း လူကုန်ကူးခံရမှုများနှင့်စပ်လျဉ်း၍ ဆွေမျိုးတော်စပ်သူများ၊ မိတ်ဆွေ၊ သူငယ်ချင်း များနှင့် မိမိနှင့်နီးစပ်နေသူများကိုပါအယုံမလွယ်ကြရန် စည်းရုံးတိုက်တွန်းလျက်ရှိ ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံလူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနတို့အကြား လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ နှစ်နိုင်ငံ Standard Operation Procedure (SOP) ကိုလည်း လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။[47]

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ လူကုန်ကူးမှု အရေအတွက်မှာ ၂၀၁၆ ခုနှစ်တွင် ၁၃၁ မှု၊ ၂၀၁၇ ခုနှစ်တွင် ၂၂၅ မှု၊ ၂၀၁၈ ခုနှစ်တွင် ၂၀၆ မှုနှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ၁၈ မှုအား အရေးယူဆောင်ရွက် နိုင်ခဲ့ကြောင်းသိရှိရပါသည်။[48]၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် လူကုန်ကူးမှုပေါင်း ၂၃ မှု၊ တရားခံပေါင်း ၅၈ ဦးနှင့် လူကုန်ကူးခံရသူပေါင်း ၃၇ ဦးအား ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ ပါသည်။[49] ထို့အပြင် COVID-19 ရောဂါ ကူးစက်မှုစတင်ခဲ့သည့် မတ်လမှမေလအတွင်း လူကုန်ကူးမှု ၂၁ မှုကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။[50] ထို့အပြင် စီမံကိန်းများ၊

[47] မြဝတီ၊ https://myawady.net.mm/index.php/effectarticles/item/43225-2019-04-27-13-34-38 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

[48] လဲ့လဲ့၊ မြန်မာ့လူကုန်ကူးမှုပြဿနာစိုးရိမ်ဖွယ်ရှိနေ ၊ ဧရာဝတီ၊ ၂၀၁၉ခုနှစ်၊မတ်လ၂၂ရက်၊https://burma.irrawaddy.com/news/2019/03/22/187219.html မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်

[49] ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းလူကုန်ကူးမှုအမှုပေါင်း ၂၃မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်၊ ဆင်ဟွာသတင်း၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက် https://xinhuamyanmar.com/myanmar/politics-law-military/23829-2019-08-01-07-45-12 မှ ကောက်နုတ်ထားပါသည် ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်

[50] ကိုဗစ်ကူးစက်မှုစတင်ခဲ့သည့် မတ်မှ https://myanmar.mmtimes.com/news/140389.html မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

(၁) **မဲခေါင်ဒေသအတွင်းလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း။** မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်၌ မဲခေါင်ဒေသတွင်းခြောက်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံကိန်း The Coordinated Mekong Ministerial Initiative against Trafficking (COMMIT)တွင်အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား ၂၀၀၄ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် တစ်ကြိမ်စီ ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့ပါသည်။

(၂) **နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ချက်များ။** ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာစာချုပ် Trafficking in Persons (TIP Protocol)၊ လူမှောင်ခိုမှု တိုက်ဖျက်ရေးဆိုင်ရာစာချုပ် (SOM Protocol)တို့၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ တို့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုး၍ နှစ်နိုင်ငံအကြားဖြစ်ပွားသည့်နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများကို ပူးပေါင်းဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း ASEAN Convention Against Trafficking in Persons, Especially Women and Children (ACTIP) တွင်လည်း အဖွဲ့ဝင်အဖြစ်ပူးပေါင်းပါဝင်ခဲ့ပါသည်။[51]

(စ) **ပင်လယ်ဓားပြမှုနှင့် စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်ချက်များ။** မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တပ်မတော်(ရေ)၏ ကွပ်ကဲမှုဖြင့် မြန်မာ့ပင်လယ်ပြင် တရား ဥပဒေစိုးမိုးရေး၊ ဆိပ်ကမ်းများဘေးကင်းလုံခြုံရေး၊ ပင်လယ်ဓားပြရန်ကာကွယ်ရေး၊

---

[51] မြဝတီ၊ https://myawady.net.mm/index.php/effectarticles/item/43225-2019-04-27-13-34-38 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

ကုန်သွယ်ရေကြောင်းလမ်းများ၊ ရေယာဉ်နှင့် ၊ စွမ်းအင်သယံဇာတနှင့် ငါးလုပ်ငန်း စသည့် ရေကြောင်းအကျိုးစီးပွားများအားကာကွယ်စောင့်ရှောက်ရေး၊ ရေထုညစ်ညမ်းမှု ကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး၊ ရေကြောင်းနယ်နိမိတ်စောင့်ကြပ်ကြည့်ရှုရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ပေးရေးစသည်တို့ကို အဓိကဆောင်ရွက် ပေးလျက်ရှိပါသည်။[52] ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ တွင် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနၷ(၂၂)ကြိမ်မြောက်အာဆီယံ-အိန္ဒိယအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား Video Conferencing ဖြင့်ကျင်းပခဲ့ပြီး ပင်လယ်ရေကြောင်းလုံခြုံရေး၊ ပင်လယ်ဓားပြတိုက်ဖျက်ရေး၊ ရှာဖွေကယ်ဆယ်ရေးစသည်တို့အပါအဝင် အာဆီယံနှင့် အိန္ဒိယအကြားလက်ရှိ ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှုများကို အာဆီယံ ဦးဆောင်သည့်ယန္တရားများမှတစ်ဆင့် ပိုမိုတိုးတက်ခိုင်မာစေရေး၊ အာဆီယံနှင့်အိန္ဒိယ နိုင်ငံအကြားပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှုနှင့် ပင်လယ်ရေကြောင်းကူးလူး ဆက်သွယ်ရေး၊ ပင်လယ်ပြင်ရှိစွန့်ပစ်ပစ္စည်းများဖယ်ရှားရေး၊ ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်စောင့်ရှောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ပါသည်။[53]

(ဆ) **စီးပွားရေးမှုခင်းနှင့်စပ်လျဉ်း၍ အစိုးရ၏ ဆောင်ရွက်ချက်များ။** ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် နို့ဝင်ဘာလအထိ အွန်လိုင်းသို့မဟုတ် အခြားနည်းလမ်းဖြင့် စီးပွားရေးဆိုင်ရာငွေကြေးလိမ်လည်မှုပေါင်း ၁၅၄ မှုကို အမှုဖွင့်ဆောင်ရွက်နိုင်ခဲ့ပြီး တရားခံစုစုပေါင်း ၁၇၂ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။ “လုပ်ငန်းလိုင်စင် မှတ်ပုံတင်ခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုများခေါ်ယူခြင်း၊ တရားမဝင်စတော့ ရှယ်ယာများရောင်းချခြင်း၊ ပြည်ပသို့တရားမဝင်ငွေကြေးလွှဲပြောင်းခြင်း” စသည့် စီးပွားရေးဆိုင်ရာငွေကြေးလိမ်လည်မှုများအား အွန်လိုင်းသို့မဟုတ်အခြားနည်းလမ်း

[52]တပ်မတော်(ရေ) အနေဖြင့်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်ရေကြောင်းလုံခြုံရေးအတွက်ဆောင်ရွက်လျက်ရှိ၊ MYANMAR Digital News၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက် http://www.mdn.gov.mm/index.php/my/ttpmtteaareanephng-skchiungraa-aphaiacnnymaanng-khittchkpuupengr-mnmaapnglypngမှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

[53]အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်(၂၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့ကို Video conferencing စနစ်ဖြင့်ကျင်းပ၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်၊ https://tinyurl.com/yxkf6yv7မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်

ဖြင့်ကျူးလွန်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်သွယ်ရေးဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် အခြားတည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။[54] လေးနှစ်တာ ကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် စီးပွားရေးဆိုင်ရာပြစ်မှု ၂၀၄ မှုကိုလည်း အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။[55]

(ဈ) **ဆိုက်ဘာမှုခင်းနှင့်စပ်လျဉ်း၍အစိုးရ၏ဆောင်ရွက်ချက်များ။** မျက်မှောက်ခေတ်တွင် အင်တာနက်လူမှုကွန်ရက်များ၌ဖြစ်ပွားနေသည့်အသရေဖျက်မှု၊ ငွေကြေးလိမ်လည်မှု၊ သတင်းအချက်အလက်ခိုးယူမှု၊ ခြိမ်းခြောက်မှုများကို ကြိုတင်ကာကွယ်တားဆီးခြင်း နှင့်ဖော်ထုတ်အရေးယူနိုင်သည့် “Cyber Crime Unit” အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ အောက်တွင် ထည့်သွင်းတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။[56] ဆိုက်ဘာနှင့်စပ်လျဉ်းသည့်တည်ဆဲ ဥပဒေများမှာ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဥပဒေ၊ ကွန်ပျူတာပညာဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အီလက်ထရွန်းနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေနှင့် ဆက်သွယ်ရေးဥပဒေတို့ဖြစ်ပါသည်။[57] အွန်လိုင်းတွင်ပုတ်ခတ်ပြောဆိုမှုများ အသရေဖျက်မှုများ၊ ခြိမ်းခြောက်မှုများကျူးလွန်သည့်ပြစ်မှုများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။[58] ၎င်းပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် Cyber law ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပြီး ယင်း ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနတွင်သက်ဆိုင်ရာပညာရှင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေသည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး

---

[54] စွမ်းရဲထွဋ်၊ စီးပွားရေးဆိုင်ရာငွေလိမ်မှုတစ်ရာကျော်အမှုဖွင့်ခဲ့ပြီးတရားခံရာနှင့်ချီ အရေးယူထားဟုဆို၊ မြန်မာတိုင်းမ်နေ့စဉ်၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ https://myanmar.mmtimes.com/news/118496.htmlမှ ကောက်နုတ်ထားပါသည်။ ကြည့်ရှု့သည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်

[55]ရှင်မင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ(၁) နှစ်တာဆောင်ရွက်ချက်များ၊ MYANMAR Digital News၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်၊ http://www.mdn.gov.mm/my/pnnythairewnkiitthaane-cttutth-1ncttaa-cheaangrkkhkmaa မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှု့သည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်

[56]ဒုတိယသမ္မတဦးမြင့်ဆွေ (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြား ၊ နို်ငငံတော်သမ္မတရုံး website၊ အောက်တိုဘာလ ၁ ရက်၊ https://www.president-office.gov.mm/?q=briefing-room/news/2019/10/02/id-15741မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ် မေလ ၂၂ ရက်

[57]https://www.motc.gov.mm/sites/default/files/Myanmar%20e-Governance%20Master%20Plan%20%282016-2020%29%20Myanmar%20Version%28Draft%29.pdf စာမျက်နှာ ၄၁ မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်

[58]အင်တာနက်ပြစ်မှုတွေအတွက် Cyber Law ၂၀၂၀ မှာ ပေါ်ထွက်နိုင်အောင် ကြိုးပမ်းနေ၊ omedia၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ https://tinyurl.com/y6ryfx7o မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်

ဝန်ကြီးဌာန၊ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏တာဝန်ရှိသူမှပြောကြားခဲ့ပါသည်။[59] ၂၀၁၅ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ နည်းပညာမှုခင်းဌာနကိုဖွဲ့စည်းခဲ့ပါသည်။ ဆိုက်ဘာမှုခင်းများနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် အမှုပေါင်း ၅၀ ၊ ၂၀၁၆ ခုနှစ်တွင် အမှုပေါင်း ၃၀၀ခန့်၊ ၂၀၁၇ ခုနှစ်တွင် အမှုပေါင်း ၅၅၀ နှင့် ၂၀၁၈ ခုနှစ်တွင် အမှုပေါင်း ၇၈၀ ခန့် အထိဖြစ်ပွားခဲ့ပြီး ယင်းမှုခင်းများကို ဆက်သွယ်ရေးဥပဒေဖြင့်သာ အရေးယူဆောင်ရွက်နေရပြီး Cyber Law ပြဋ္ဌာန်းပြီးပါက မှုခင်းအမျိုးအစားအလိုက် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နည်းပညာမှုခင်းဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူကပြောကြားခဲ့ပါသည်။[60]

(ဈ) **သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းနှင့် စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်ချက်များ။** ၂၀၁၈ ခုနှစ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအသစ်နှင့် သစ်တောဥပဒေအသစ်တို့ကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေများတွင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝသယံဇာတများ၊ ထိန်းသိမ်းထားသည့်နယ်မြေများကိုစောင့်ရှောက်ကာကွယ်ရန် ဥပဒေချိုးဖောက်သူများကိုထိရောက်စွာအရေးယူအပြစ်ပေးနိုင်ရန် ပြစ်ဒဏ်များပြောင်းလဲထည့်သွင်းထားပါသည်။[61] ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများခိုးယူထုတ်လုပ်ခြင်းကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့်စီမံချက်ချမှတ်၍ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။[62] မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲသုံးဖွဲ့တို့မှ ပင်လယ်ပြင်တွင်တရားမဝင်ငါးဖမ်းဆီးမှုများနှင့် ပင်လယ်ဖြတ်ကျော်

---

[59]အင်တာနက်ပြစ်မှုတွေအတွက် Cyber Law ၂၀၂၀ မှာ ပေါ်ထွက်နိုင်အောင် ကြိုးပမ်းနေ၊ Omedia၊
၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် ၊ https://tinyurl.com/y6ryfx7o မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်

[60] အောင်သီဟ၊ ၃ နှစ်အတွင်း ဆိုက်ဘာမှုခင်းတိုင်ကြားမှု ၂ ထောင်ခန့်ရှိဟုဆို ၊ ဧရာဝတီ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊
https://burma.irrawaddy.com/news/2019/07/10/197482.htmlမှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်

[61]မင်းမင်းထွန်း၊ ညီလာခံကထွက်ပေါ်လာမည့် ရလဒ်များသည် တရားစီရင်ရေးကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမှုခင်းများ စစ်ဆေးကိုင်တွယ်ရာ၌ ပိုမိုထိရောက်စွာ အသုံးချနိုင်မည်ဟုဆို ၊ The Standard Time Daily၊၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊
http://sdtimedaily.com/2018/10/31/yk05–137/မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်

[62]တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိ၊ သစ်တောဦးစီးဌာန၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
https://www.forestdepartment.gov.mm/news/3931မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ရက်

မှုခင်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသောငါးဖမ်းရေယာဉ်များကို သတ်မှတ်ထားသည့်စည်းကမ်းများဖောက်ဖျက်ခြင်းနှင့် တရားမဝင်ငါးဖမ်းဆီးမှုများအပေါ် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။[63] သစ်တောဦးစီးဌာန၏ စာရင်းဇယားများအရ တိုင်းနှင့်ပြည်နယ်များတွင် တရားမဝင်သစ်ဖမ်းဆီးရမိမှုမှာ၂၀၁၄-၂၀၁၅ တွင် တန်ချိန် ၅၁,၀၀၀ကျော် ၊၂၀၁၅- ၂၀၁၆ တွင် တန်ချိန် ၄၆,၀၀၀ ကျော် ၊၂၀၁၆-၂၀၁၇ ၌ တန်ချိန် ၅၀,၀၀၀ကျော်၊ ၂၀၁၇-၂၀၁၈ တွင် တန်ချိန် ၄၈,၀၀၀ကျော်၊ ၂၀၁၈ -၂၀၁၉ (အောက်တိုဘာမှ ဇွန်လအထိ) တွင် တန်ချိန် ၄၃,၀၀၀ကျော် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါသည်။[64]

## နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်းသည့် ခြိမ်းခြောက်မှုနှင့်စိန်ခေါ်မှုများ

၁၂။ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများသည် အာဆီယံဒေသသာမက ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားအားလုံးကိုထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်စေလျက်ရှိပါသည်။ အထူးသဖြင့် နှစ်နိုင်ငံနယ်နိမိတ်များတစ်လျှောက်တွင် အုပ်စုဖွဲ့မှုခင်းများသည်တိုးတက်လာသောနည်းပညာများကိုအသုံးပြု၍ တရားမဝင်ငွေကြေးခဝါချခြင်း၊ လူမှောင်ခိုကူးခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးကုန်ကူးခြင်း၊ လက်နက်မှောင်ခိုခြင်း၊ ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များကုန်ကူးခြင်းနှင့် ချွှုကလီးယားအသုံးပြုမှုပစ္စည်းများသယ်ဆောင်ရောင်းဝယ်ခြင်းတို့တွင် အစီအစဉ်တကျချိတ်ဆက်၍ နိုင်ငံတစ်ခုထက်ပိုသည့်ကွန်ရက်များဖွဲ့ကာ ချိတ်ဆက်ကျူးလွန်လျက်ရှိပါသည်။

၁၃။ ပြစ်မှုကျူးလွန်သူများ၏အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများကြောင့် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များပိုမိုများပြားလာပြီး အစိုးရများအနေဖြင့် နစ်နာသူများကိုထိရောက်စွာကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အရေးတကြီးလိုအပ်လျက်ရှိပါသည်။ နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတကာ၏လုံခြုံရေးကိုပိုမိုခြိမ်းခြောက်လာလျက်ရှိသဖြင့် ပြည်သူ့ဘဝလုံခြုံရေး၊ ကျန်းမာရေး၊ စီးပွားရေးတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကိုပါ ဆိုးဝါးစွာပျက်စီးစေနိုင်ပါသည်။

[63] ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအဋ္ဌမနေ့ ၊ ပြည်သူ့လွှတ်တော် Website ၊၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ https://pyithu.hluttaw.mm/question-1007၊ မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်

[64]မြန်မာ့သစ်တောများကို သွေးအေးအေးဖြင့်သတ်ဖြတ်နေသည့် သစ်ခိုးထုတ်မှုများ၊ MYANMAR MEITI ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ https://myanmareiti.org/mm/in-news/923 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်

၁၄။ အချို့နိုင်ငံဖြတ်ကျော်မှုခင်းများသည် လတ်တလောနစ်နာမှုဆုံးရှုံးမှုမရှိခြင်းကြောင့် တိုင်တန်းမှုနည်းပါးသည့်အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့်လည်း ချက်ချင်းသိရှိရန်မလွယ်ကူဘဲ အရေးယူဆောင်ရွက်ရာတွင်လည်း စွမ်းရည်နှင့်နည်းပညာလိုအပ်ချက်များရှိနေကြပါသည်။ ပြစ်မှုပြဿနာများပေါ်ပေါက်ပြီးမှသာ စုံစမ်းစစ်ဆေးရခြင်း၊ တရားစွဲဆိုခြင်းများပြုလုပ်ရသည့်အတွက် မလိုလားအပ်သည့်ရှုပ်ထွေးမှုများနှင့် တရားစီရင်ရေးစနစ်ကန့်သတ်ချက်များကြောင့် နိုင်ငံများအချင်းချင်းအငြင်းပွားမှုများကိုဖြစ်ပေါ်စေခြင်း၊ ၂၀၀၀ပြည့်နှစ်လွန်ကာလမှစ၍ အာဆီယံဒေသတွင်း၌ နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားများမှ မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်ရောင်းချမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့်သဘာဝပတ်ဝန်းကျင်မှုခင်းများ တစ်စတစ်စတိုးတက်ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် အကြမ်းဖက်မှုပြဿနာနှင့် ဆိုက်ဘာမှုခင်းပြဿနာများ ကူးစက်ဝင်ရောက်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

၁၅။ တိုးတက်လာသည့် မြို့ပြထူထောင်တည်ဆောက်မှုများ၊ ပွင့်လင်းလာသည့်ကုန်သွယ်မှုနှင့် အဆင့်မြင့်ဆက်သွယ်ရေးစနစ်များ၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာကပ်ဆိုးများကြောင့် လူတစ်ဦးချင်းစီအဆင့်၊ ဒေသအဆင့်မှကမ္ဘာလုံးဆိုင်ရာအဆင့်အထိ မှုခင်းအန္တရာယ်ဖြစ်နိုင်ခြေအမျိုးမျိုးရှိနေပါသည်။[65]

**နိဂုံး**

၁၆။ ယခုကာလသည် နိုင်ငံများအားလုံး COVID-19 အန္တရာယ်ရင်ဆိုင်ကြုံတွေ့ဖြေရှင်းနေရချိန်ဖြစ်ပါသည်။ နိုင်ငံဖြတ်ကျော်မှုခင်းများသည် COVID-19 ကာလအတွင်းတွင်လည်းကောင်း၊ COVID-19 အလွန်ကာလတွင်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပွားနေမည်သာဖြစ်ပြီးစိန်ခေါ်မှုတစ်ရပ်အနေဖြင့်ရှိနေမည်ဖြစ်ပါသည်။မှုခင်းအန္တရာယ်ဖြစ်နိုင်သည့်အကြောင်းအရင်းများကို အချိန်နှင့်တစ်ပြေးညီသိရှိပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏မှုခင်းကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြဿနာအရင်းအမြစ်များကိုဖော်ထုတ်၍ ပူးပေါင်းဆောင်ရွက်မှုများစွာဖြင့် ဖြေရှင်းသွားရန်လိုအပ်ပါသည်။

---

[65]ဒုတိယသမ္မတဦးမြင့်ဆွေ(၁၂)ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့်နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်မိန့်ခွန်းပြောကြား၊ ပြန်ကြားရေးဝန်ကြီးဌာန Website၊ အောက်တိုဘာလ ၃၁ ရက်၊ https://www.moi.gov.mm/?q=news/31/10/2018/id-21450 မှ ကောက်နုတ်ထားပါသည်။ကြည့်ရှုသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်

၁၇။ နိုင်ငံတကာတွင်ကြုံတွေ့နေရသော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံ အကြမ်းဖက်မှုများသည် မိမိနိုင်ငံ၏ပတ်ဝန်းကျင်အချို့နိုင်ငံများတွင် ခြေကုပ်ယူနိုင်သည့်နေရာများမှ တစ်ဆင့် မိမိနိုင်ငံအတွင်းသို့ ကူးစက်ရောက်ရှိနိုင်ချေများနေပါသည်။ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များမှတဆင့် အခြားသောနိုင်ငံတကာဖြတ်ကျော်မှုခင်းများ ဆက်စပ်ဖြစ်ပေါ်လာ နိုင်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက် ရေးအတွက် အမြဲအသင့်ရှိနေရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ဇင်မာဦး (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းများက ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် ထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့်ဆွေးနွေးတိုင်ပင် သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော် ဝန်ထမ်းများနှင့်ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅